# မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေ

(၂၀၁၄ ခုနှစ် လွှတ်တော်ဥပဒေ အမှတ်        )

၁၃၇၆ ခုနှစ်၊            လ၊        ရက်

(၂၀၁၄ ခုနှစ်၊              လ၊        ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေကို ပြင်ဆင်သည့် ၂၀၁၄ခုနှစ်၊မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေး ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ် သက်ရောက်စေရမည်-

(က) **ဟိုတယ်လုပ်ငန်း**ဆိုသည်မှာ ခရီးသည်များတည်းခိုရန်သတ်မှတ်ထားသောအခန်းအရေအတွက်နှင့် အဆင့်အတန်းတို့ရှိပြီး အစားအစာ ၊ အဖျော်ယမကာနှင့် အခြားဝန်ဆောင်မှုများ စီစဉ်လုပ်ကိုင်ပေးသည့် စီးပွားရေးလုပ်ငန်း ကိုဆိုသည်။ ယင်းစကားရပ်တွင် မိုတယ်လုပ်ငန်း၊ ဧည့်ဂေဟာလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းနှင့် ဆက်စပ်သည့်စီးပွားရေးလုပ်ငန်းများ အားလုံးပါဝင်သည်။

(ခ) **တည်းခိုရိပ်သာလုပ်ငန်း**ဆိုသည်မှာ နိုင်ငံခြားခရီးသည်များအတွက်ဖြစ်စေ၊ ပြည်တွင်းခရီးသည်များနှင့် နိုင်ငံခြား ခရီးသည်များ နှစ်မျိုးလုံးအတွက်ဖြစ်စေ၊ တည်းခိုရေးကိုသာ စီစဉ်ဆောင်ရွက်ပေးသည့် စီးပွားရေးလုပ်ငန်းကိုဆိုသည်။

(ဂ) **ခရီးသွားလာရေးလုပ်ငန်း**ဆိုရာတွင် နိုင်ငံခြားခရီးသည်များကိုဖြစ်စေ၊မြန်မာနိုင်ငံသားခရီးသည်များကိုဖြစ်စေ ပြည်တွင်း၊ ခရီးစဉ်၊ ပြည်ဝင်ခရီးစဉ်နှင့်ပြည်ပခရီးစဉ်များကို ခရီးလှည့်လည်သွားလာရေးအတွက်စီစဉ်ဆောင်ရွက်ပေးသည့်စီးပွားရေး လုပ်ငန်းဖြစ်သော ခရီးစဉ်ဆောင်ရွက်မှု လုပ်ငန်း၊ ခရီးသွားကိုယ်စားလှယ်လုပ်ငန်း၊ခရီးသည် ပို့ဆောင်ရေးလုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းများ အားလုံး ပါဝင်သည်။

(ဃ) **ခရီးစဉ်**ဆိုသည်မှာ နေရာဒေသတစ်ခုမှ အခြားနေရာဒေသတစ်ခုသို့ အလည်အပတ်သွားလာသည့်ခရီးကိုဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါတို့ ပါဝင်သည်-

(၁) မြန်မာနိုင်ငံအတွင်းခရီးသွားလာသူများလည်ပတ်သည့်ပြည်တွင်းခရီးစဉ်။

(၂) ပြည်ပမှမြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်သည့် ပြည်ဝင်ခရီးစဉ်။

(၃) မြန်မာနိုင်ငံမှပြည်ပသို့ ခရီးသွားလာသူများ သွားရောက်လည်ပတ်သည့် ပြည်ပခရီးစဉ်။

(င) **ခရီးစဉ်ဆောင်ရွက်မှုလုပ်ငန်း**ဆိုသည်မှာ ခရီးသွားလာသူများ လည်ပတ်ရန်အတွက် ခရီးစဉ် စီစဉ်ထုတ်လုပ်ခြင်း၊ ခရီးစဉ် ဖြန့်ဖြူးရောင်းချခြင်းနှင့် ခရီးစဉ်ဝန်ဆောင်မှုများစီစဉ်ဆောင်ရွက်ခြင်းလုပ်ငန်းများကိုဆိုသည်။

(စ) **ခရီးသွားကိုယ်စားလှယ်လုပ်ငန်း**ဆိုသည်မှာ ခရီးသွားလာရေးလုပ်ငန်းအတွက် ကိုယ်စားလှယ်ခံယူ၍ ခရီးစဉ်စီစဉ်ရောင်းချခြင်း၊ ဒေသဆိုင်ရာခရီးစဉ် ဝန်ဆောင်မှုများနှင့် ခရီးသွားလာရေးဝန်ဆောင်မှုများကို စီစဉ်ဆောင်ရွက်ခြင်းလုပ်ငန်းများကိုဆိုသည်။

(ဆ) **ခရီးစဉ်ဝန်ဆောင်မှု**ဆိုသည်မှာခရီးသွားလာသူများအားကြိုပို့ခြင်း၊တည်းခိုရန်စီစဉ်ခြင်း၊ပို့ဆောင်ခြင်း၊လှည့်လည်ပြသခြင်း၊ ဧည့်လမ်းညွှန်အဖြစ် ရှင်းလင်းပြသခြင်း၊ စီစဉ်ကျွေးမွေးခြင်း၊ ဖျော်ဖြေရေးနှင့် အပန်းဖြေရေးအတွက်စီစဉ်ခြင်း စသည့် ~~အလားတူ~~ ဝန်ဆောင်မှုများကို ဆိုသည်။

(ဇ) **ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း**ဆိုသည်မှာ အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို စီးပွားရေးအလို့ငှာ အခကြေးငွေရယူ၍ စီမံဆောင်ရွက်သည့် လုပ်ငန်းကို ဆိုသည်-

(၁) မြန်မာနိုင်ငံသားခရီးသည်များနှင့် နိုင်ငံခြားခရီးသည်များအား ပြည်တွင်းရှိမြို့တစ်မြို့အတွင်း၌ဖြစ်စေ၊ မြို့တစ်မြို့မှ အခြားတစ်မြို့သို့မဟုတ် ဒေသတစ်ခုခုသို့ဖြစ်စေ၊ လေယာဉ်/မော်တော်ယာဉ်/ ရေယာဉ်ဖြင့် စီစဉ်ပို့ဆောင်ပေးခြင်း။

(၂) မြန်မာနိုင်ငံသားခရီးသည်များနှင့်နိုင်ငံခြားခရီးသည်များအား ပြည်တွင်းရှိမြို့တစ်မြို့မှ အခြားတစ်မြို့ သို့မဟုတ် ဒေသတစ်ခုခုသို့ ရဟတ်ယာဉ်/စက်မဲ့လေယာဉ်/ လေဟုန်စီးယာဉ်ဖြင့် စီစဉ်ပို့ဆောင်ပေးခြင်း။

(၃) မြန်မာနိုင်ငံသားခရီးသည်များနှင့် နိုင်ငံခြားခရီးသည်များအားဒေသတစ်ခုအတွင်းစက်မဲ့လေယာဉ်/လေဟုန်စီးယာဉ်/ မိုးပျံပူဖောင်းဖြင့်စီစဉ်ပို့ဆောင်ပေးခြင်း။

မှတ်ချက်။ ပို့ဆောင်ရေးလုပ်ငန်းတစ်ခုချင်းအလိုက် သက်ဆိုင်ရာဌာန၏ လုပ်ငန်းလိုင်စင်အပေါ်အခြေခံ၍ ဆောင်ရွက်ရမည်။

(ဈ) **ဧည့်လမ်းညွှန်**ဆိုသည်မှာမြန်မာနိုင်ငံသားခရီးသည်များမြန်မာနိုင်ငံသို့လာရောက်ကြသောကမ္ဘာလှည့်ခရီးသည်များနှင့် နိုင်ငံခြားဧည့်သည်များအားခရီးစဉ်ဝန်ဆောင်မှုတစ်ခုခုအတွက်စီးပွားရေးအလို့ငှာအခကြေးငွေရယူ၍ **ဘာသာစကားဆိုင်ရာ ရှင်းလင်း**ဆောင်ရွက်ပေးသူကိုဆိုသည်။

(ည) **ဧည့်သည်**ဆိုသည်မှာ ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ၌ တည်းခိုသူ သို့မဟုတ် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ ခရီးစဉ် ဝန်ဆောင်မှုတစ်ခုခု ရယူသူကို ဆိုသည်။

(ဋ) **နိုင်ငံခြားခရီးသည်**ဆိုရာတွင် လက်ရှိထုတ်ပေးနေသော ပြည်ဝင်ခွင့်ဗီဇာ အမျိုးအစားအပေါ်အခြေခံ၍ လာရောက်သော ကမ္ဘာလှည့်ခရီးသည်နှင့် နိုင်ငံခြားဧည့်သည်များကိုဆိုသည်။

(၄) **ကမ္ဘာလှည့်ခရီးသည်**ဆိုသည်မှာ မိမိနေထိုင်ရာနိုင်ငံမှ အခြားနိုင်ငံသို့ အလည်အပတ်ခရီးထွက်သူကိုဆိုသည်။ ယင်းစကားရပ်တွင် ကမ္ဘာ့ခရီးသွားလာရေးအဖွဲ့က အခါအားလျော်စွာ ကမ္ဘာလှည့်ခရီးသည်ဟု အဓိပ္ပါယ်ဖွင့်ဆိုထားခြင်းခံရသူလည်းပါဝင်သည်။

(၃) **နိုင်ငံခြားဧည့်သည်**ဆိုသည်မှာ ပြည်ပမှမြန်မာနိုင်ငံသို့ အကြောင်းကိစ္စတစ်ခုခုဖြင့်ခေတ္တလာရောက်သည့် နိုင်ငံခြားသားကိုဆိုသည်။ ယင်းစကားရပ်တွင် ပြည်ပမှ မြန်မာနိုင်ငံသို့ ခေတ္တလာရောက်နေထိုင်သော နိုင်ငံခြားသားလည်း ပါဝင်သည်။

(ဃ) **ပြည်တွင်းခရီးသည်**ဆိုသည်မှာ မြန်မာနိုင်ငံတွင်နေထိုင်၍ မြန်မာနိုင်ငံအတွင်းမိမိနေထိုင်ရာဒေသမှ အခြားဒေသသို့ အလည်အပတ်ခရီးထွက်သူကိုဆိုသည်။

(ဏ) **ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း**ဆိုသည်မှာဟိုတယ်လုပ်ငန်းနှင့်တည်းခိုရိပ်သာလုပ်ငန်း၊ခရီးသွားလာရေးလုပ်ငန်း၊ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း၊ဧည့်လမ်းညွှန်လုပ်ငန်း တို့အပြင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများနှင့် ဆက်စပ်သည့် အခြားစီးပွားရေးလုပ်ငန်းများကို ဆိုလိုသည်။

(တ) **ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများနှင့်ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းများ**ဆိုသည်မှာ ဟိုတယ်လုပ်ငန်းကို အထောက်အကူဖြစ်စေပြီးဟိုတယ်လုပ်ငန်းနှင့်ဆက်စပ်တည်ရှိသောရုံးခန်း၊ဈေးဆိုင်ခန်း၊ပြခန်းများ၊ခန်းမ(သို့မဟုတ်)အစည်းအဝေးခန်းမငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုပေးသော Service Apartment ကဲ့သို့သော ကာလရှည်သီးသန့်အခန်းငှားရမ်းခြင်းလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ အမှတ်တရပစ္စည်းအရောင်းဆိုင်လုပ်ငန်း၊ ကျန်းမာရေးနှင့်အထွေထွေဝန်ဆောင်မှုလုပ်ငန်းများ၊ဟိုတယ်လုပ်ငန်းနှင့်ခရီးသွားလုပ်ငန်းဆိုင်ရာသင်တန်းကျောင်းလုပ်ငန်း၊လေယာဉ်လက်မှတ်ရောင်းချခြင်းလုပ်ငန်း၊ ရေယာဉ်လက်မှတ်ရောင်းချခြင်းလုပ်ငန်း၊ မိုးပျံပူဖောင်းအပါအဝင်စက်တပ်ဆင်ထားသော သို့မဟုတ် စက်တပ်ဆင်ထားခြင်းမရှိသောအပန်းဖြေစီးနင်းနိုင်သည့်ယာဉ်နှင့်ကိရိယာများဖြင့်ခရီးသွားလုပ်ငန်းကိုဆောင်ရွက်သည့်လုပ်ငန်း၊ဟိုတယ်လုပ်ငန်းနှင့်ခရီးသွားလုပ်ငန်းများနှင့် သက်ဆိုင်သည်ဟု တရားဝင် သတ်မှတ်ပြဋ္ဌာန်းလာမည့်လုပ်ငန်းများပါဝင်သည်။

(x) **vkdifpif**qdkonfrSm [dkw,fESifhc&D;oGm;vma&;vkyfief;wpfckck vkyfudkif&ef [dkw,fESifhc&D;oGm;nTefMum;rSKOD;pD;Xmeu xkwfay;aomvkyfudkifcGifhudk qdkonf/

(') **0efMuD;Xme**qdkonfrSm jynfaxmifpktpkd;& ? [dkw,fESifhc&D;oGm;vma&;vkyfief;0efMuD;Xmeudk qdkonf/

(") **0efMuD;**qdkonfrSm jynfaxmifpktpkd;&? [dkw,fESifhc&D;oGm;vma&;vkyfief;0efMuD;Xme?jynfaxmifpk0efMuD;udkqdkonf/

(e) **OD;pD;Xmersm;**qdkonfrSm [dkw,fESifhc&D;oGm;nTefMum;rSKOD;pD;XmeESifh [dkw,fESifhc&D;oGm;vkyfief;zGUHNzdK;wkd;wufa&; OD;pD;XmewkdYudk qdkonf/

(y) **nTefMum;a&;rSL;csKyf**qdkonfrSm [dkw,fESifhc&D;oGm;nTefMum;rSKOD;pD;XmeESifh [dkw,fESifhc&D;oGm;vkyfief;zGUHNzdK;wkd;wuf a&;OD;pD;XmewkdY\ nTefMum;a&;rSL;csKyfrsm;udkqdkonf/

(z) **ppfaq;a&;tzJGU**qdkonfrSm [dkw,fESifhc&D;oGm;vma&;vkyfief;tm;vHk;udk ppfaq;Muyfrwf?xdef;odrf;Edkif&ef 0efBuD;XmeESihf OD;pD;XmewdkYu zJGUpnf;ay;aom tzJGUudk qdkonf/

(A) **a'oqdkif&m&Hk;**qdkonfrSm OD;pD;Xmersm;\jynfe,f? wkdif;? NrdKUe,fpk odkYr[kwf NrdKUe,f&Hk;udkqdkonf/

(b) **jrefrmEdkifiHc&D;oGm;vkyfief;tzJGUcsKyf**qdkonfrSm 0efBuD;Xme\ BuD;MuyfrSKjzihf [dkw,fESifhc&D;oGm;vma&;qdkif&m vkyfief;rsm;pepfwus zGUHjzdK;wdk;wufvmap&efESihf jrefrmEdkifiHtm;c&D;pOfa'owpfcktjzpf xif&Sm;ausmfMum; vmap&efwm0efcHaqmif&GufaomtzGJUudkqdkonf/

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း စနစ်တကျနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်။

(ခ) မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရေမြေတောတောင်သဘာဝအလှများကို ခရီးသည်များလေ့လာနိုင်စေရန်။

(ဂ) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းကြောင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရေမြေတောတောင် သဘာဝအလှများ ထိခိုက်ပျက်စီးမှု မရှိစေရန်။

(ဃ) ခရီးသွားလုပ်ငန်းအရင်းအမြစ်များကို မြှင့်တင်ရန်၊ ထိန်းသိမ်းကာကွယ်ရန်နှင့် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်။

(င) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းကို အကြောင်းပြု၍ နိုင်ငံတကာ ချစ်ကြည်ရင်းနှီးမှုနှင့် သိရှိနားလည်မှု တို့ကို အထောက်အကူ ပြုစေရန်။

(စ) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာအတတ်ပညာရပ်များ တိုးတက်ထွန်းကားစေ၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးပွားလာစေရန် လုပ်သားများ၏ အရည်အသွေးနှင့်ကျွမ်းကျင်မှုမြင့်မားတိုးတက်စေရန်နှင့် လုပ်ငန်းများသတ်မှတ်သည့် စံချိန်စံညွှန်းများ ၊စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန်။

(ဆ) နိုင်ငံခြားခရီးသည်များ၏ လုံခြုံမှုရရှိရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စိတ်ကျေနပ်မှုရရှိစေရေး တို့ကိုထိမ်းသိမ်း စောင့်ရှောက် ကြပ်မတ်ဆောင်ရွက်ပေးနိုင်ရန်။

(ဇ) ဟိုတယ်နှင့်ခရီးသွားလာရေးဆိုင်ရာလုပ်ငန်းများမှ ရရှိသောနိုင်ငံခြားငွေ၊ ပြည်တွင်းဝင်ငွေတို့ဖြင့် နိုင်ငံတော်နှင့်လူမှုအဖွဲ့အစည်းတစ်ရပ်လုံးအား အကျိုးပြုနိုင်စေရန်။

(ဈ) ဟိုတယ်နှင့်ခရီးသွားလာရေးဆိုင်ရာလုပ်ငန်းများကိုအကြောင်းပြု၍နိုင်ငံတွင်းဆင်းရဲမှုလျော့နည်းပပျောက်ရေးကိုအထောက်အကူ ပြုနိုင်စေရန်။

(ည) ဟိုတယ်နှင့်ခရီးသွားလာရေးဆိုင်ရာလုပ်ငန်းများစနစ်တကျဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို ပိုမိုအထောက်အကူပြုစေရန်။

(ဋ) ဟိုတယ်နှင့်ခရီးသွားလာရေးဆိုင်ရာလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် မြန်မာနိုင်ငံ၏ပုံရိပ်(နိမိတ်ပုံ)ကို ပိုမိုမြင့်တင်နိုင်စေရန်။

(ဌ) ဟိုတယ်နှင့်ခရီးသွားလာရေး ဆိုင်ရာလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်လျှက်ရှိသော လုပ်သားများ၏အရည်အသွေးနှင့်အဆင့်အတန်း မြင့်မားတိုးတက်စေရန်။

(ဍ) ဟိုတယ်နှင့်ခရီးသွားလာရေးဆိုင်ရာလုပ်ငန်းများ သတ်မှတ်သည့်စံချိန်၊ စံညွှန်းများ၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီဖွံ့ဖြိုးတိုးတက်စေရန်။

## အခန်း(၃)
## အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၊ ဟိုတယ်နှင့်ခရီးသွားအာဏာပိုင်အဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း စနစ်တကျနှင့် ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) အောက်ပါပုဂ္ဂိုလ်များပါဝင်သော နိုင်ငံတော်အဆင့် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းပါသည်။

| | | |
|---|---|---|
| (၁) | ‘ဒုတိယသမ္မတ<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် | ဥက္ကဌ |
| (၂) | ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊<br>မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဌ၊မြန်မာနိုင်ငံ<br>ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဌ | အဖွဲ့ဝင်များ |
| (၃) | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန | တွဲဘက်အတွင်းရေးမှူး |

၅။ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏လုပ်ငန်းတာဝန်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမျိုးသားအဆင့် ခရီးသွားလုပ်ငန်းဆိုင်ရာ မူဝါဒများ၊ ပင်မစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရန်။

(ခ) ယင်းစီမံကိန်းများတွင် ပါဝင်သောလုပ်ငန်းရပ်များကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်နိုင်ရေးအတွက် ကြီးကြပ် ထိန်းသိမ်း ဆောင်ရွက်ရန်။

(ဂ) ခရီးသွားလုပ်ငန်းပင်မစီမံကိန်းပါ ဦးစားပေးလုပ်ငန်းများအတွက် လိုအပ်သောအကူအညီများကို ဖွံ့ဖြိုးရေးမိတ်ဘက် အဖွဲ့များထံမှ ရရှိနိုင်ရေး ဆောင်ရွက်ရန်နှင့် လိုအပ်ပါက ၎င်းတို့ပါဝင်သောအဖွဲ့ပါဝင် ဆောင်ရွက်ရန်။

(ဃ) ခရီးသွားလုပ်ငန်းဆိုင်ရာမူဝါဒများ အကောင်အထည်ဖော်နိုင်ရေးအတွက် ခရီးသွားလုပ်ငန်း ကြီးကြပ်ထိန်းသိမ်းမှု အဖွဲ့အား ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်များတွင် ဖွဲ့စည်းတာဝန်ပေးအပ်ရန်။

(င) ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ခရီးသွားလုပ်ငန်း ကြီးကြပ်ထိန်းသိမ်းမှုအဖွဲ့နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်လက်အောက်ရှိ အသင်းအဖွဲ့များ၏ တင်ပြလာမှုများအပေါ် လမ်းညွှန်မှုပေးရန်နှင့်ကူညီပံ့ပိုးပေးရန်။

(စ)

နှစ်စဉ်နိုင်ငံခြား~~ဧည့်သည်~~ခရီးသည်ဝင်ရောက်မှုတိုးတက်မြှင့်မားရေး၊အမျိုးသားဝင်ငွေတိုးပွားရေး၊အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိရေးတို့အတွက် နည်းလမ်းများရှာဖွေဆောင်ရွက်ရန်။

(ဆ) ခရီးစဉ်ဒေသဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး၊မြန်မာနိုင်ငံအား ခရီးစဉ်ဒေသတစ်ခုအဖြစ် ထင်ရှားလာရေးအတွက်လိုအပ်သော အစီအမံ များချမှတ်ရန်။

(ဇ) ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးဆိုင်ရာ စာတမ်းဖတ်ပွဲ၊ဆွေးနွေးပွဲ၊အစည်းအဝေးနှင့် ပြပွဲများအတွက် လိုအပ်သည့် အစီအမံများ ချမှတ်ရန်။

(ဈ) မြန်မာနိုင်ငံခရီးစဉ်ဒေသများ၏ ရှိရင်းဆွဲဆောင်မှုများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ခရီးစဉ် ဒေသအသစ်နှင့် ဆွဲဆောင်မှုအသစ်များ တိုးချဲ့ဖော်ထုတ်ရန်။

(ည) ခရီးစဉ်ဒေသများ၌ ဝင်ကြေးများ စနစ်တကျကောက်ယူရန်နှင့် နည်းလမ်းများချမှတ်၍ ယင်းမှ ရရှိသောဝင်ငွေဖြင့် တာဝန်သိခရီးသွားလုပ်ငန်းကို အထောက်အကူဖြစ်စေရေး မူဝါဒချမှတ်ဆောင်ရွက်ရန်။

(ဋ) ခရီးစဉ်ဒေသများအတွင်း ဇုန်များသတ်မှတ်ရန်နှင့်ယင်းဇုန်များအတွင်း အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်လာရေး ကြပ်မတ်ဆောင်ရွက်ရန်။

(ဌ) ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုနှင့်စပ်လျဉ်း၍ ခရီးသွားလုပ်ငန်းအပိုင်းမှလိုက်လျောညီထွေရှိစေပြီး သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုစေမည့် ခရီးသွားလုပ်ငန်းဆိုင်ရာအစီအစဉ်များ ဖော်ထုတ်ပေးရန်။

(ဍ) သဘာဝအခြေခံခရီးသွားလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ကြီးကြပ်ကွပ်ကဲမှုဆိုင်ရာ မူဝါဒချမှတ်ပေးရန်။

(ဎ) ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာအောင် နိုင်ငံတော်အစိုးရအစီအမံဖြင့် ဆောင်ရွက်နိုင်ရေးနှင့် ပြည်ပအဖွဲ့အစည်းများ၏ အကူအညီရရှိရေး ကြိုးပမ်းဆောင်ရွက်ရန်။

(ဏ) အမျိုးသားအဆင့် သယ်ယူပို့ဆောင်ရေးမဟာဗျူဟာတွင် ခရီးသွားလုပ်ငန်းအား အဓိကအစိတ်အပိုင်းတစ်ခုအဖြစ် ထည့်သွင်းဖော်ဆောင်ရန်။

(တ) မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေ၊နည်းဥပဒေများကို လိုအပ်ပါက ခေတ်နှင့်အညီ ပြန်လည်သုံးသပ် ပြင်ဆင်ရန်။

(ထ) ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည့်နှင့်အမျှကမ္ဘာလှည့်ခရီးသည်နိုင်ငံခြားခရီးသည်လုံခြုံရေးရဲတပ်ဖွဲ့များကိုခရီးစဉ်ဒေသများတွင်ဖွဲ့စည်းစေရန်။

(ဒ) ခရီးသွားလုပ်ငန်းစနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန် အခြေခံလုပ်ငန်းများဖြစ်သည့် ဟိုတယ်လုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်း၊စားသောက်ဆိုင်လုပ်ငန်း၊ပို့ဆောင်ရေးလုပ်ငန်း၊အမှတ်တရပစ္စည်းထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းနှင့် ငွေကြေးလဲလှယ်ခြင်းလုပ်ငန်းစသည်တို့ စနစ်တကျ လုပ်ကိုင်နိုင်ရေး လမ်းညွှန်ထိန်းသိမ်းပေးရန်။

(ဓ) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆိုင်ရာ အသက်မွေးဝမ်း ကျောင်းမှုသင်တန်းမှ အဆင့်မြင့်ပညာသင်တန်းများအထိ ဖွံ့ဖြိုးတိုးတက်အောင် လိုအပ်သောအစီအမံများ ချမှတ်ရန်။

(န) ခရီးသွားလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုမထိခိုက်ရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ မပျက်စီးမပျောက်ကွယ်ရေး၊ လူမှုရေးနှင့်စီးပွားရေးဆိုင်ရာဆိုးကျိုးများ မဖြစ်ပေါ်ရေးတို့အတွက် လိုအပ်သောအစီအမံများကို ကြိုတင်ချမှတ်ဆောင်ရွက်ရန်။

(ပ) ခရီးသည်ရောက်ရှိမှုနှင့် ဒေသအလိုက်ဝင်ဆောင်နိုင်အောင် မျှတမှုရှိစေရေးအတွက် လိုအပ်သောအစီအမံများ ချမှတ်ရန်။

(ဖ) ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုကြောင့် ခရီးစဉ်ဒေသတွင်း ဆင့်ပွားအကျိုးသက်ရောက်မှု၊ လူမှုအဆင့်အတန်းဖွံ့ဖြိုးမှု ဆင်းရဲလျှော့ချနိုင်မှုတို့ကို မှန်ကန်တိကျသော ကိန်းဂဏန်းများဖြင့် ဖော်ထုတ်နိုင်ရေးအတွက် လိုအပ်သောအစီအမံများ ချမှတ်ရန်။

(ဗ) နိုင်ငံသားများ ပြည်ပထွက်ခွာသည့် ခရီးသွားလုပ်ငန်း (ဥကအဘာသကညိ့သကမဗျာ)ကို ခရီးသွားကိုယ်စားလှယ်များမှ စနစ်တကျလုပ်ကိုင်ဆောင်ရွက်နိုင်ရေး စည်းမျဉ်းစည်းကမ်းများဖြင့် လုပ်ကိုင်ခွင့်ပြုရေးအတွက် လိုအပ်သော အစီအမံများ ချမှတ်ရန်။

(ဘ) ပြည်တွင်းခရီးသွားလုပ်ငန်း ( Domestic Tourism ) စနစ်တကျဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးအတွက် လိုအပ်သောအစီအမံများ ချမှတ်ရန်။

(မ) ကော်မတီသည် လိုအပ်ပါက ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရန်။

## အခန်း(၄)

## ဟိုတယ်နှင့်ခရီးသွားအာဏာပိုင်အဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) အောက်ပါပုဂ္ဂိုလ်များပါဝင်သော ဟိုတယ်နှင့်ခရီးသွားအာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရမည်-

(၁) ပြည်ထောင်စုဝန်ကြီး ဥက္ကဌ
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

(၂) သက်ဆိုင်ရာအစိုးရဌာန၊ သက်ဆိုင်ရာအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ
ကိုယ်စားလှယ်များ

(၃) ဥက္ကဌက တာဝန်ပေးအပ်သူ အတွင်းရေးမှူး

(ခ) လိုအပ်လျှင်ဟိုတယ်နှင့်ခရီးသွားအာဏာပိုင်အဖွဲ့တွင် ဒုတိယဥက္ကဌ၊တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးနိုင်သည်။

(ဂ)ဟိုတယ်နှင့်ခရီးသွားအာဏာပိုင်အဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဃ) ဟိုတယ်နှင့်ခရီးသွားအာဏာပိုင်အဖွဲ့သည်လိုအပ်လျှင်လုပ်ငန်းဆိုင်ရာအဖွဲ့များကို အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဖွဲ့စည်းခွင့်ရှိသည်။

၇။ ဟိုတယ်နှင့်ခရီးသွားအာဏာပိုင်အဖွဲ့၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များနှင့်အညီ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ မူဝါဒများချမှတ်ခြင်း။

(ခ) မြန်မာနိုင်ငံ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးရေးဗဟိုကော်မတီမှ ချမှတ်ပေးသော မူဝါ'များ၊လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်စေခြင်း။

(ဂ) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းစနစ်တကျဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်း။

(ဃ) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်း။

(င) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အရည်အသွေးအဆင့်အတန်း တိုးတက်မြင့်မားစေရေးနှင့် အတက်ပညာရပ်များ စနစ်တကျ တိုးတက်ပြန့်ပွားစေရေးတို့နှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်း။

(စ) ပြည်တွင်းခရီးသည်များ၊နိုင်ငံခြားခရီးသည်များ ခရီးစဉ်တစ်လျှောက် လုံခြုံစွာနှင့် စိတ်အေးချမ်းသာယာစွာ သွားလာနိုင်ရေး အတွက်ဝန်ကြီးဌာနမှ ဖွဲ့စည်းပေးသော ကြီးကြပ်ရေးအဖွဲ့များဖြင့် စောင့်ရှောက်ခြင်း၊ကူညီခြင်း၊ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

(ဆ) ကမ္ဘာလှည့်နိုင်ငံခြားခရီးသည်များ ဝင်ထွက်မှုနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ထံမှ မူဝါဒရယူ၍ အဆင်ပြေ လွယ်ကူစေရန် စီမံဆောင်ရွက်ခြင်း။

(ဇ) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများကို အကြောင်းပြု၍ နိုင်ငံတော်၏စီးပွားရေးနှင့်ဒေသခံများ၏ လူမှုစီးပွားရေး ဘဝဖွံ့ဖြိုးတိုးတက်စေမည့် အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ဈ) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများကြောင့် ပြည်ထောင်စုအစိုးရ၊ နယ်မြေ'ဒသနှင့် လူမှုအဖွဲ့အစည်း အတွင်း ဆိုးကျိုးများမပေါ်ပေါက်စေရန် ထိန်းသိမ်း ကာကွယ်ခြင်း၊

(ည) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများကြောင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝပတ်ဝန်းကျင်တို့ကို ထိခိုက် ပျက်စီးမှုမရှိစေရန် ကာကွယ်စောင့်ရှောက်ခြင်း။

# အခန်း(၅)
## ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ

၈။ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များနှင့်အညီ ဦးစီးဌာနများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း။

(ခ) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ ဖွဲ့စည်းတည်ထောင်၍ မူဝါဒများချမှတ်အကောင်အထည်ဖော် ဆောင်ရွက်စေခြင်း။

(ဂ) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း။

(ဃ) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များ၊ ၎င်းလုပ်ငန်းရှင်များကိုယ်စား တာဝန်ယူစီမံခန့်ခွဲဆောင်ရွက်နေသော ပုဂ္ဂိုလ်၊အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဖွဲ့စည်းဆောင်ရွက်ခြင်း။

(င) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အရည်အသွေး၊ အဆင့်အတန်း၊ တိုးတက်မြင့်မားလာစေရေးနှင့် အတတ်ပညာရပ်များ၊ စနစ်တကျ တိုးတက်ပြန့်ပွားစေရေး တို့အတွက် ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ၊သင်တန်းများ၊ ပြပွဲများကျင်းပခြင်းနှင့်သုတေသနပြုမှုလုပ်ငန်းများ ဆောင်ရွက်စေခြင်း။

(စ) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများအကြားပြိုင်ဆိုင်မှုဖြင့်အရည်အသွေးတိုးတက်မြင့်မားစေရန် သတ်မှတ်ကာလအတွင်း စစ်ဆေးရေးအဖွဲ့များဖြင့်စစ်ဆေးစေခြင်း၊အဆင့်အတန်းသတ်မှတ်ပေးခြင်း၊အရည်အသွေးကောင်းမွန်သူများကို ချီးမြှင့်ခြင်း၊ သတ်မှတ်အရည်အချင်းမရှိသူများကို ပညာပေးခြင်းနှင့် အရေးယူခြင်း။

(ဆ) ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်း လုပ်ကိုင်လိုသူက ကြိုတင်၍ ခွင့်ပြုချက်ရရှိရန် လျှောက်ထားသော လုပ်ငန်းအဆိုပြုလွှာအပေါ် ပဏာမစိစစ်ခြင်း၊ အဖွဲ့ဖြင့်လုပ်ငန်းနေရာကို စစ်ဆေးကြည့်ရှုခြင်း၊ လိုအပ်ချက်များ ပြည့်စုံပါက လုပ်ငန်းလုပ်ကိုင်ရန်ခွင့်ပြုခြင်း၊ ပြင်ဆင်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း။

(ဇ) ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်းတစ်ခုချင်း၏ အမျိုးအစား၊ အဆင့်အတန်းနှင့်လုပ်ငန်းလိုအပ်ချက်များ သတ်မှတ်ခြင်း။

(ဈ) ခရီးသွားလာရေးလုပ်ငန်း၏ အမျိုးအစားနှင့် လုပ်ငန်းလိုအပ်ချက်များ သတ်မှတ်ခြင်း။

(ည) နိုင်ငံခြားခရီးသည်များကမြန်မာနိုင်ငံ၏အကြောင်းကို ပိုမိုစိတ်ဝင်စားလာပြီး လာရောက်လေ့လာလိုစိတ် ပွားများလာစေရန် လိုအပ်သည့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အစီအစဉ်များ၊ အစီအမံများ ချမှတ်ပေးခြင်း။

(ង) ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းခရီးစဉ်ဒေသများ သတ်မှတ်ခြင်း။

(ဌ) မြန်မာနိုင်ငံ၏ ရေမြေသဘာဝအလှအပများ၊ ရေရှည်တည်တံ့ရေးအတွက် ခရီးသွားလုပ်ငန်းနှင့်အတူ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေမည့် လုပ်ငန်းများအား စီမံဆောင်ရွက်ခြင်း။

(ဍ) မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးကို အထောက်အကူဖြစ်စေမည့် လုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ဎ) နိုင်ငံခြားခရီးသည်များအား ပြည်ဝင်ခွင့်ဗီဇာရရှိရေးနှင့် သက်တမ်းတိုးမြှင့်ပေးရေးအတွက် လွယ်ကူအဆင်ပြေစေရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

(ဏ) တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်၊ ခရိုင်များနှင့်လိုအပ်သော မြို့နယ်များတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့များကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း။

(တ) လိုင်စင်ကြေး၊လိုင်စင်အသစ်လဲလှယ်ကြေး၊လိုင်စင်ဒဏ်ကြေးနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း လိုင်စင် ဆိုင်ရာ အခွန်အခများ ဝန်ဆောင်ခများ သတ်မှတ်ခြင်း။

(ʻထ) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဆောင်ရွက်ချက်တိုးတက်မှုအခြေအနေကိုပြည်ထောင်စုအစိုးရအဖွဲ့သို့ အခါအားလျော်စွာ တင်ပြခြင်း။

## အခန်း(၆)
## ဦးစီးဌာနများ၏ လုပ်ငန်းတာဝန်များ

၉။ ဦးစီးဌာနများ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

(၁) ဟိုတယ်နှင့်ခရီးသွားအာဏာပိုင်အဖွဲ့ကလည်းကောင်း၊ ဝန်ကြီးဌာနကလည်းကောင်း ချမှတ်သည့်မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် အညီဆောင်ရွက်ခြင်း။

(၂) လိုင်စင်လျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ စိစစ်နိုင်ရန်လိုင်စင်စိစစ်ရေးအဖွဲ့များဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း။

(၃) လိုင်စင်ထုတ်ပေးခြင်း၊ လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ လိုင်စင်ကိုကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်ခြင်း သို့မဟုတ် လိုင်စင်ကို ယာယီရပ်ဆိုင်းခြင်း။

(၄) လိုင်စင်နှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း။

(၅) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အရည်အသွေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးနှင့် အတတ်ပညာရပ်များ စနစ်တကျတိုးတက် ပြန့်ပွားစေရေးအတွက် လေ့ကျင့်ပေးခြင်း၊ သင်တန်းပေးခြင်း။

(၆) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းကို စစ်ဆေးနိုင်ရန်စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း။

(၇) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းအရပ်ရပ်ကို ကြီးကြပ်ကွပ်ကဲခြင်း။

(၈) မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ လုပ်ငန်းတာဝန်များအား စနစ်တကျအကောင်အထည်ဖော်နိုင်စေရန် ကြီးကြပ်ကွပ်ကဲထိန်းသိမ်းခြင်း။

(၈) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် စစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်အရ ဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ကျေနပ်မှုမရှိသဖြင့် လိုင်စင်ရရှိသူက တင်ပြလာသည့်ကိစ္စကို အဆုံးအဖြတ်ပေးခြင်း။

(၉) ဤဥပဒေအရ ပေးဆောင်ရန်ရှိသော အခွန်အခများကို ပျက်ကွက်သူထံမှ သတ်မှတ်သော နည်းလမ်းများနှင့် အညီ အရကောက်ခံခြင်း။

(၁၀) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပအဖွဲ့အစည်းများ နှင့်ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း။

(၁၁) ခရီးစဉ်ဒေသ၊ ဟိုတယ်အသီးသီးတို့တွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အဆင့်အတန်းနှင့်အရည်အသွေးမြင့်မားတိုးတက်ရေး၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် အထောက်အကူပြုမည့် လုပ်ငန်းများကို ဒေသအာဏာပိုင်အဖွဲ့များ၊ လုပ်ငန်းရှင်များတို့နှင့် ပေါင်းစပ်ညှိနှိုင်း၍ အကောင်အထည်ဖေါ် ဆောင်ရွက်ခြင်း။

(၁၂) ဟိုတယ်များအား နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုများပေးနိုင်စေရေးအတွက် ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း။

(၁၃) ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍတွင် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း။

(၁၄) နိုင်ငံခြားခရီးသည်များ၏ လုံခြုံရေးရရှိစေရေး၊ ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ စိတ်အနှောက်အယှက်မဖြစ်စေရေး၊ စိတ်ကြေနပ်မှုရရှိစေရေးတို့အတွက် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ခြင်း။

(ခ) ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

(၁) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ အလုပ်အမှုဆောင်ကော်မတီမှ ချမှတ်ပေးသောမူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖေါ်ဆောင်ရွက်ခြင်း၊ တိုးတက်မှုကို အစီရင်ခံရန်အတွက် တာဝန်ယူ၍ ဆောင်ရွက်ခြင်း။

(၂) နိုင်ငံတော်အာဏာပိုင် အဖွဲ့အစည်းအသီးသီးမှမေးမြန်းသည့်မေးခွန်းများကို ဖြေကြားနိုင်ရေးအတွက်ဆောင်ရွက်ခြင်း။

(၃) လုပ်ငန်းဆောင်ရွက်ချက်များကို သုံးသပ်တင်ပြခြင်းနှင့် တိုးတက်မှုကို အစီရင်ခံခြင်း။

(၄) ပြည်တွင်းပြည်ပလေ့ကျင့်ပညာပေးရေးလုပ်ငန်းများအတွက် ဆောင်ရွက်ခြင်း။

(၅) ဟိုတယ်နှင့်ပို့ဆောင်ရေးလုပ်ငန်းများ ၊ ခရီးလှည့်လည်ပြသရေးနှင့်ဧည့်လမ်းညွှန်လုပ်ငန်းများ ၊သတင်းပြန်ကြားရေး လုပ်ငန်းများ၊ သုတေသနလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေးလုပ်ငန်းများ၊ စနစ်တကျဖွံ့ဖြိုး တိုးတက်အောင် စည်းမျဉ်း စည်းကမ်းသတ်မှတ်ချက်နှင့် အညီလိုက်နာဆောင်ရွက်ခြင်း။

(၆) ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးအတွက် ပြည်ပနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုများနှင့် နှိုင်းယှဉ် ချိန်ထိုးကာ ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်ရေးကို သုတေသနပြုလုပ်ခြင်း၊ လေ့လာခြင်း၊ စာတမ်းပြုစုခြင်း။

(၇) ခရီးစဉ်အသစ်များဖေါ်ထုတ်ရေးဆွဲရာတွင် သုတေသနပြုစာတမ်းများ၊စီမံချက် များ ရေးဆွဲခြင်း။

(၈) နိုင်ငံအတွင်းသို့နိုင်ငံခြားခရီးသွားဧည့်သည်ခရီးသည်များဝင်ရောက်မှုနှင့် ငွေကြေးသုံးစွဲမှု စာရင်းမှတ်တမ်းပြုစုခြင်း။

(၉) ပြည်တွင်း ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်း၊ ဧည့်လမ်းညွှန်ဆိုင်ရာသင်တန်းများ ဖွင့်လှစ်ခြင်း။

(၁၀) ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများနှင့် ပို့ဆောင်ရေးကုမ္ပဏီများ အားဥပဒေ ၊စည်းမျဉ်းစည်းကမ်းများ ၊ သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်မှုရှိ/ မရှိ စစ်ဆေးခြင်း။

(၁၁) ခရီးသွားကုမ္ပဏီများ၊ ဧည့်လမ်းညွှန်များ၏လုပ်ငန်းများအားဥပဒေစည်းမျဉ်းစည်းကမ်းများ၊ သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်မှု ရှိ/ မရှိ စစ်ဆေးခြင်း။

(၁၂) သတင်းအချက်အလက်များကို စုဆောင်းထိန်းသိမ်းထားရှိပြီး ပြည်တွင်း၊ ပြည်ပခရီးသည်များ၏ မေးမြန်းစုံစမ်းချက်များဖြေကြားခြင်း၊

## အခန်း (၇)

## မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၁၀။ ဝန်ကြီးဌာနသည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းနှင့် ပတ်သက်သည့် အောက်ပါအသင်း (၁၁)သင်းမှကိုယ်စားလှယ်များဖြင့် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး ၊ တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များပါဝင်သော မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဗဟိုအမှုဆောင်အဖွဲ့ကို ဖွဲ့စည်းရမည်-

(က) မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း

(ခ ) မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း

(ဂ ) မြန်မာနိုင်ငံ ဈေးကွက်မြှင့်တင်ရေးအသင်း

(ဃ) မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်း

(င ) မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ထမ်းများအသင်း

(စ ) မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း

(ဆ) မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း

(ဇ ) မြန်မာနိုင်ငံ အမှတ်တရပစ္စည်းအရောင်းဆိုင်လုပ်ငန်းရှင်များအသင်း

(ဈ ) မြန်မာနိုင်ငံ ပြည်တွင်းခရီးသွားဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း

(ည) မြန်မာနိုင်ငံ ကျန်းမာရေးနှင့်အထွေထွေဝန်ဆောင်မှုအသင်း

(ဋ ) မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းများအသင်း

၁၁။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ဗဟိုအမှုဆောင်အဖွဲ့ဝင်အရေအတွက်ကို အဖွဲ့ချုပ်၏သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းများနှင့်အညီ သတ်မှတ်ဖွဲ့စည်းရမည်။

၁၂။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ လုပ်ငန်းတာဝန်များမှာ -

(က) ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်း ညှိနှိုင်းပါဝင်ဆောင်ရွက်ခြင်း

(ခ ) ဈေးကွက်မြှင့်တင်ရန်အတွက် ပြည်တွင်း၊ ပြည်ပတွင် ပြပွဲ၊ ပြိုင်ပွဲများ၊ ဖျော်ဖြေပွဲများ၊ ရန်ပုံငွေရှာဖွေပွဲများ ပြုလုပ်ကျင်းပခြင်း။

(ဂ ) နိုင်ငံတကာတွင် ကျင်းပပြုလုပ်သော ခရီးသွားပြပွဲများအနက် သင့်လျော်သော ပြပွဲများတွင် နိုင်ငံတော်၏ ခရီးသွားကဏ္ဍ ကိုယ်စားပြုပြခန်းများ ခင်းကျင်းပြသပြီး မြန်မာ နိုင်ငံ၏ ခရီးသွားကဏ္ဍကို မြှင့်တင်ခြင်း။

(ဃ) မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော ခရီးသွားကဏ္ဍဆိုင်ရာ အထူးဧည့်သည်တော်များကို တွေ့ဆုံဧည့်ခံခြင်း နှင့် ခရီးစဉ်များပို့ဆောင်ခြင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံလိုသူ များအား အကြံပေးခြင်း၊ စီစစ်ပေးခြင်း။

(င ) ခရီးသွားကဏ္ဍဆိုင်ရာ ဖိတ်ခေါ်သော နိုင်ငံရပ်ခြားခရီးစဉ်များ စီစဉ်သွားလာခြင်း၊ နိုင်ငံတကာနှင့် ဒေသတွင်း ခရီးသွား အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဈေးကွက်သုတေသနပြုလုပ်ခြင်း၊ ဈေးကွက်သစ်ရှာဖွေ ဖော်ထုတ်ခြင်းနှင့် လုပ်ငန်းရပ်များ ဆောင်ရွက်ခြင်း။

(စ ) တိုးတက်များပြားလာမည့် ခရီးသွားဧည့်သည်များအတွက် အခြေခံအဆောက်အဦးလိုအပ်ချက် စီမံကိန်းများကို သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စံချိန်စံညွှန်းနှင့်အညီ ရေးဆွဲအကောင် အထည်ဖော်ခြင်း။

(ဆ) အဖွဲ့ဝင်အသင်းများ၏ လုပ်ငန်းအမျိုးအစားအလိုက် အခြေခံစံနှုန်းနှင့် အဆင့်သတ်မှတ်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊လုပ်ငန်း လိုင်စင်အတွက်လိုအပ်ချက်များကို စိစစ်၍ထောက်ခံပေးခြင်းနှင့် နိုင်ငံတော်ခရီးသွားလုပ်ငန်းဆိုင်ရာမူဝါဒများ၊ဥပဒေများ ရေးဆွဲရေးလုပ်ငန်းစဉ်များတွင် အထောက်အကူပြု အကြံဉာဏ်များ ပေးခြင်း။

(ဇ) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဟောပြောပွဲများကျင်းပပြုလုပ်ခြင်း၊ အထောက်အကူပြုသင်တန်းများဖွင့်လှစ်ခြင်း၊ပြည်တွင်း၊ပြည်ပတက္ကသိုလ်များနှင့်ချိတ်ဆက်၍ ဒီဂရီ၊ဒီပလိုမာနှင့်ဘွဲ့များပေးအပ်ခြင်း အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များဖွင့်လှစ်ခြင်း။

(ဈ) မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော ကမ္ဘာလှည့်ခရီးသည်များအနေဖြင့် စနစ်ကျနသောဝန်ဆောင်မှုများကို အပြည့်အဝရရှိစေရေးအတွက် "ခရီးသွားလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့"ကို စနစ်တကျဖွဲ့စည်း တာဝန်ပေးအပ်ဆောင်ရွက်ခြင်း။

(ည) ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူဖြစ်စေသော ဂျာနယ်၊ မဂ္ဂဇင်း၊ ခရီးသွားလမ်းညွှန်စာအုပ်များ၊ ပြက္ခဒိန်၊ လက်ကမ်းကြော်ငြာများ ထုတ်ဝေခြင်းလုပ်ငန်းများနှင့် ခရီးသွားရုပ်မြင်သံကြားလိုင်းထုတ်လွှင့်၊ တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

(ဋ) ခရီးသွားလုပ်ငန်း သွားလာလွယ်ကူစေရေးအတွက် ခရီးသွားလုပ်ငန်းသုံးယာဉ်များ၊ ပစ္စည်းများကိုသက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ဝန်ဆောင်မှုပေးခြင်းများကိုဆောင်ရွက်ခြင်း။

(ဌ) မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်အနေဖြင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် အဖွဲ့၏လက်အောက်၌ စီးပွားရေးအဖွဲ့အစည်းများကို လိုအပ်သလို တည်ထောင်ဖွဲ့စည်း၍ လုပ်ကိုင်ဆောင်ရွက်စေခြင်း။

(ဋ) မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်အနေဖြင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် အဖွဲ့၏လက်အောက်၌ စီးပွားရေးအဖွဲ့အစည်းများကို လိုအပ်သလို တည်ထောင်ဖွဲ့စည်း၍ လုပ်ကိုင်ဆောင်ရွက်စေခြင်း။

## အခန်း(၇)
## ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်း

၁၃။ ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်း လုပ်ကိုင်လိုသည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရနှင့် ဖက်စပ်လုပ်ကိုင်သည့်အဖွဲ့အစည်း၊ စည်ပင်သာယာရေးအဖွဲ့၊ သမဝါယမအသင်း၊ အခြားအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် လုပ်ငန်းစီမံချက် စတင်အကောင်အထည် မဖော်မီ ကြိုတင်ခွင့်ပြုချက်ရရှိရန် ဝန်ကြီးဌာနသို့ သတ်မှတ်သော နည်းလမ်းများနှင့် အညီ လျှောက်ထားရမည်။

၁၄။ ဝန်ကြီးဌာနသည် -

(က) **ပုဒ်မ(၁၃)**အရ ဟိုတယ်လုပ်ငန်းသို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်း လုပ်ကိုင်လိုသူ၏ လျှောက်ထားချက် နှင့်စပ်လျဉ်း၍ အောက်ပါအချက်များကိုအခြေခံလျက် စိစစ်ရမည်-

(၁) ဤဥပဒေ၏ ရည်ရွယ်ချက်များ နှင့် ကိုက်ညီမှု ရှိ မရှိ။

(၂) အနာဂတ် စီမံကိန်းများအတွက် အထောက်အကူဖြစ် မဖြစ်။

(၃) လုပ်ငန်းလုပ်ကိုင်မည့် နယ်မြေဒေသ၏ ဝန်ဆောင်နိုင်အားနှင့် မျှတမှုရှိ မရှိ။

(၄) ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၊ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့များ၏ ကန့်ကွက်ရန် ရှိ မရှိ သဘောထားမှတ်ချက်။

(ခ) ပုဒ်မခွဲ ( က ) အရစိစစ်ပြီး ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်း လုပ်ငန်းစီမံချက်ကို ခွင့်ပြုခြင်း၊ ပြင်ဆင်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

## အခန်း(၈)
## လိုင်စင်လျှောက်ထားခြင်း

၁၅။ **ပုဒ်မ ၁၄**အရ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိသူသည် လုပ်ကိုင်လိုသည့် ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်း သို့မဟုတ် ၎င်းတို့နှင့် ဆက်စပ်လျက်ရှိသော ဝန်ဆောင်မှု လုပ်ငန်းများအတွက် လိုင်စင်ရရှိရန် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာနသို့ သတ်မှတ်သော နည်းလမ်းများနှင့်အညီလျှောက် ထားရမည်။

၁၆။ တည်းခိုရိပ်သာလုပ်ငန်းနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ နိုင်ငံခြားခရီးသည်များအတွက် ဖြစ်စေ၊ ပြည်တွင်းခရီးသည်များနှင့်နိုင်ငံခြားခရီးသည်များ နှစ်မျိုးစလုံးအတွက်ဖြစ်စေ၊ တည်းခိုရိပ်သာလုပ်ငန်းလုပ်ကိုင်လိုသူသည် ဤဥပဒေအရသာ လိုင်စင် လျှောက်ထားရမည်။

၁၇။ ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်း လုပ်ကိုင်လျက်ရှိသော သို့မဟုတ် လုပ်ကိုင်ရန်စီစဉ်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရနှင့် ဖက်စပ်လုပ်ကိုင်သည့် အဖွဲ့အစည်း၊ စည်ပင်သာယာရေးအဖွဲ့၊ သမဝါယမအသင်း၊ အခြား အဖွဲ့အစည်း စသည်တို့သည် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာနသို့သတ်မှတ်သော နည်းလမ်းများနှင့်အညီ လိုင်စင် လျှောက်ထားရမည်။

၁၈။ ပုဒ်မ ၂ **ပုဒ်မခွဲ (တ)** တွင် ပြဌာန်းပါရှိသော ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း တစ်ခုခုအတွက် လုပ်ငန်းလုပ်ကိုင်ရန် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနတွင် သတ်မှတ်သော နည်းလမ်းများနှင့်အညီ လိုင်စင်လျှောက်ထားရမည်။

၁၉။ **ပုဒ်မ(၁၈)**နှင့်အညီ လိုင်စင်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနသည် သတ်မှတ်ထားသည့် လုပ်ငန်းလိုအပ်ချက်များနှင့်ညီညွတ်မှုရှိ မရှိ စီစစ်ပြီး -

(က) ညီညွတ်ပါက လိုင်စင်ထုတ်ပေးရမည်။

(ခ ) မညီညွတ်ပါက လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ရမည်။

## အခန်း(၉)
## လိုင်စင်ရရှိသူ၏တာဝန်များ

၂၀။ လိုင်စင်ရရှိသူသည် -

(က) လိုင်စင်တွင် ခွင့်ပြုသည့် လုပ်ငန်းကိုသာ လုပ်ကိုင်ဆောင်ရွက်ရမည်။

(ခ) လိုင်စင်ခနှင့်ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းနှင့် စပ်လျဉ်းသည့်အခွန်အခများကို သတ်မှတ်သောနည်းလမ်းများနှင့်အညီ မြန်မာငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့်လည်းကောင်းပေးဆောင်ရမည်။

(ဂ) လိုင်စင်စည်းကမ်းချက်များကို လိုက်နာရမည်။

(ဃ) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းကြီးကြပ်ထိန်းသိမ်းရေးအဖွဲ့နှင့် စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးခြင်းကို ခွင့်ပြုရမည်။

(င) ဦးစီးဌာနများကသတ်မှတ်ထားသော စာရင်းများ၊ မှတ်တမ်းများကို သတ်မှတ်သောနည်းလမ်းများနှင့်အညီ ပေးပို့ရမည်။

(စ) လိုင်စင်သက်တမ်းကုန်ဆုံးပါက ဆက်လက်လုပ်ကိုင်လိုလျှင်လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သတ်မှတ်သောနည်းလမ်းများနှင့်အညီ လျှောက်ထားရမည်။

(ဆ) ဝန်ကြီးဌာနကဖြစ်စေ၊ ဦးစီးဌာနများကဖြစ်စေ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့် သို့မဟုတ် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဇ) ခရီးသည်များ၏ လုံခြုံမှုရှိရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စိတ်ကျေနပ်မှုရရှိစေရေးတို့ကို ကြပ်မတ်ဆောင်ရွက်ပေးပြီး နိုင်ငံခြားသားများကို ထိန်းသိမ်းကာကွယ်ပေးရမည်။

(ဈ) လိုင်စင်ရယူထားသောလုပ်ငန်းနှင့်ပတ်သက်၍ မည်သည့်ထူးခြားသောဖြစ်စဉ်မျိုးကိုမဆို ပေါ်ပေါက်လာပါက သက်ဆိုင်ရာဌာနများသို့ အချိန်နှင့်တပြေးညီချက်ခြင်း တင်ပြဆောင်ရွက်ရမည်။

၂၁။ (က) ဧည့်လမ်းညွှန်လုပ်ငန်းမှအပ လိုင်စင်ရရှိသူသည် မိမိက တာဝန်လွှဲအပ်ထားသော စီမံအုပ်ချုပ်သူပြောင်းလဲလျှင် ထိုသို့ပြောင်းလဲကြောင်းကို ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနသို့ စာဖြင့် အကြောင်းကြားရမည်။

(ခ) လိုင်စင်ရရှိသူကဖြစ်စေ၊ လိုင်စင်ရရှိသူက တာဝန်လွှဲအပ်ထားသော စီမံအုပ်ချုပ်သူကဖြစ်စေ၊ လုပ်ငန်းတည်နေရာ ပြောင်းလဲလျှင် ထိုသို့ပြောင်းလဲကြောင်းကို ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနသို့ စာဖြင့်အကြောင်းကြားရမည်။

(ဂ) လိုင်စင်သက်တမ်းမကုန်ဆုံးမီ လိုင်စင်ရရှိသူသေဆုံးလျှင် ယင်း၏တရားဝင်ဆက်ခံသူက သတ်မှတ်သောနည်းလမ်းများနှင့်အညီ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနသို့ လျှောက်ထားရမည်။

(ဃ) **ပုဒ်မ၁၉(က)**အရ လုပ်ငန်းလိုင်စင်ရရှိသူသည်လုပ်ငန်းနှင့်ပတ်သက်၍ ပြောင်းလဲမှုတစ်စုံတစ်ရာ ပြုလုပ်ခဲ့လျှင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် သက်ဆိုင်ရာအသင်းများသို့အသိပေး အကြောင်းကြားရမည်။

## အခန်း(၁၀)
## လိုင်စင်ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊ ယာယီရပ်ဆိုင်းခြင်း နှင့် ပျက်ပြယ်ခြင်း

၂၂။ လိုင်စင်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူက တာဝန်လွှဲအပ်ထားသော စီမံအုပ်ချုပ်သူသည် အောက်ပါအချက် တစ်ရပ်ရပ်ကို ပြုလုပ်လျှင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနသည် လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်ခြင်း ပြုနိုင်သည်-

(က) လိုင်စင် စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း။

(ခ) ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းကို လွှဲပြောင်းလုပ်ကိုင်စေခြင်း။

(ဂ) လိုင်စင်ကို လွှဲပြောင်းရောင်းချခြင်း။

၂၃။ အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနသည် လိုင်စင်ကိုယာယီရပ်ဆိုင်းခြင်း ပြုနိုင်သည်-

(က) လုပ်ငန်းပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး အငြင်းပွား၍ တရားရုံးတွင်ဥပဒေကြောင်းအရ အမှုအခင်းဖြစ်ပွားခြင်း။

(ခ) လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ စိစစ်ဆောင်ရွက်ခြင်း။

၂၄။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ လိုင်စင်ပျက်ပြယ်သည်-

(က) လိုင်စင်သက်တမ်းကုန်ဆုံးခြင်း။

(ခ ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခံရခြင်း။

(ဂ ) လိုင်စင်ပယ်ဖျက်ခံရခြင်း။

(ဃ) လိုင်စင်ရရှိသူက လိုင်စင်ကို ပြန်လည်အပ်နှံခြင်း။

**အခန်း(၁၁)**

**အယူခံခြင်း**

၂၅။ လိုင်စင်နှင့်စပ်လျဉ်း၍ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနက ဖြစ်စေ၊မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ကဖြစ်စေ သို့မဟုတ် အဖွဲ့အစည်းနှစ်ခုလုံးကဖြစ်စေ ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချ မှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ပြည်ထောင်စုဝန်ကြီးထံသို့ သတ်မှတ်နည်းလမ်းများနှင့်အညီ အယူခံနိုင်သည်။

၂၆။ ပြည်ထောင်စုဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

**အခန်း(၁၂)**

**တားမြစ်ချက်များ**

၂၇။ မည်သူမျှ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းတစ်ခုခုကို **ပုဒ်မ ၁၉ ပုဒ်မခွဲ (က)** အရထုတ်ပေးသော လိုင်စင်မရှိဘဲ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၂၈။ လိုင်စင်ရရှိသူသည် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲလုပ်ငန်းကို လွှဲပြောင်းလုပ်ကိုင်စေခြင်း သို့မဟုတ် လိုင်စင်ကို လွှဲပြောင်းရောင်းချခြင်း မပြုရ။

၂၉။ လိုင်စင်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူက တာဝန်လွှဲအပ်ထားသော စီမံအုပ်ချုပ်သူသည်-

(က) လိုင်စင်စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

(ခ ) **ပုဒ်မ ၂၀** ပြဋ္ဌာန်းချက်ပါ တာဝန်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

(ဂ ) ဝန်ကြီးဌာနကဖြစ်စေ၊ ဦးစီးဌာနများကဖြစ်စေထုတ်ပြန်သောအမိန့် သို့မဟုတ် ညွှန်ကြားချက်ပါတားမြစ်ချက်ကိုဖောက်ဖျက်ခြင်းမပြုရ။

**အခန်း(၁၃)**

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၃၀။ (က) မည်သူမဆို **ပုဒ်မ ၂၇** ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် သုံးနှစ် အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ကျပ်သိန်းငါးဆယ်အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မခွဲ **(က)** အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် **ပုဒ်မ ၂၇** ပါ ပြဋ္ဌာန်းချက်ကိုဆက်လက် ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူသည် ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်သည့် ကာလအတွက် တစ်ရက်လျှင် ငွေဒဏ်ကျပ် တစ်သောင်း ချမှတ်ခြင်းခံရမည်။

၃၁။ လိုင်စင်ရရှိသူသည် **ပုဒ်မ ၂၈** ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် ကျပ်သိန်းငါးဆယ်အထိ ချမှတ်ရမည်။

၃၂။ လိုင်စင်ရရှိသူသည် သို့မဟုတ် လိုင်စင်ရရှိသူကတာဝန်လွှဲအပ်ထားသော စီမံအုပ်ချုပ်သူသည် **ပုဒ်မ ၂၉**ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် ကျပ်သိန်းသုံးဆယ် အထိ ချမှတ်ရမည်။

## အခန်း(၁၄)

## အထွေထွေ

၃၃။ မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေအရ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း တစ်ခုခုအတွက် ထုတ်ပေးထားသည့် လိုင်စင်သက်တမ်းမကုန်ဆုံးသေးသောလိုင်စင်သည် ယင်းလိုင်စင်သက်တမ်းကုန်ဆုံးသည့်နေ့အထိသာ အတည်ဖြစ်စေရမည်။

၃၄။ ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည့် မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေအရထုတ်ပြန်ခဲ့သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေ ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် လိုအပ်ပါက အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းတို့ကို ထုတ်ပြန်နိုင်သည်။

၃၆။ မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၁၄ / ၉၃)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပုံ

(သိန်းစိန်)

သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ